# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

# (တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်များဆိုင်ရာအမိန့်ဆင့်စာခ နည်းဥပဒေများ)

## အမိန့်ကြော်ငြာစာအမှတ် ၄၅/ ၂၀၁၃

## ၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်

## (၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၇၃ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤနည်းဥပဒေများကို **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်များဆိုင်ရာအမိန့်ဆင့်စာခ နည်းဥပဒေများ**ဟုခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများသည် တိုင်းဒေသကြီးတရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်များ အားလုံးနှင့် သက်ဆိုင်စေရမည်။

၃။ ဤနည်းဥပဒေများတွင်-

(က) **“တရားလွှတ်တော်”** ဆိုသည်မှာ တိုင်းဒေသကြီးတရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရား လွှတ်တော်များကို ဆိုသည်။

(ခ) **“တရားရေးဦးစီးမှူး”** ဆိုသည်မှာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားရေးဦးစီးမှူးကို ဆို သည်။

(ဂ) **“ဘိလစ်”** ဆိုသည်မှာ တရားလွှတ်တော်၏ ဘိလစ်ကို ဆိုသည်။

(ဃ) **“အမိန့်ဆင့်စာ”** ဆိုသည်မှာ တရားခံ သို့မဟုတ် တရားပြိုင် သို့မဟုတ် သက်သေသို့ ချအပ်ရန်ဆင့် စာ၊ ပစ္စည်းဖမ်းဝရမ်းစာ သို့မဟုတ် လူဖမ်းဝရမ်းစာ၊ ထို့ပြင် တရားမနှင့်ဆိုင်သည်ဖြစ်စေ၊ ပြစ်မှုနှင့်ဆိုင် သည်ဖြစ်စေ၊ အများနှင့်ဆိုင်သည်ဖြစ်စေ ထုတ်ဆင့်သည့် နို့တစ်စာ၊ ကြော်ငြာစာ၊ တားဝရမ်းစာ သို့မဟုတ် အမိန့်စာများ ပါဝင်သည်။

**ကြီးကြပ်အုပ်ချုပ်ခြင်း**

၄။ တရားရေးဦးစီးမှူးသည် အမိန့်ဆင့်စာချအပ်ခြင်းနှင့်စပ်လျဉ်း၍ ဘိလစ်နှင့် ဆင့်စာလုလင်များကို ကြီးကြပ်အုပ်ချုပ်ရမည်။

**ဘိလစ်**

၅။ တရားရေးဦးစီးမှူးသည် တရားရေးအရာရှိတစ်ဦးကို တရားလွှတ်တော်၏ ဘိလစ်အဖြစ် တာဝန်ပေး ရမည်။

၆။ ဘိလစ်သည် တရားရေးဦးစီးမှူး၏ တိုက်ရိုက်ကြီးကြပ်မှုကို ခံယူပြီး တရားလွှတ်တော်ဘိလစ်ဌာနရှိ ငွေကိုင်စာရေးနှင့် ဆင့်စာလုလင်တို့ကို ကြီးကြပ်အုပ်ချုပ်ရမည်။

Myanmar Law Information System (MLIS)

၇။ ဘီလစ်သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က သတ်မှတ်သည့်ပုံစံ၊ အမျိုးအစားနှင့် ငွေအရေအအ တွက်အတိုင်း ခံဝန်ချုပ်ဆိုရမည်။

**ဆင့်စာလုလင်များ**

၈။ (က) တရားရေးဦးစီးမှူးသည် တရားလွှတ်တော်က ထုတ်ဆင့်သည့် သို့မဟုတ် ချအပ်ရန်ရရှိသည့် အ မိန့်ဆင့်စာများကို ချအပ်အတည်ပြုရန် ဆင့်စာလုလင်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ခွင့် ပြုချက်နှင့်အညီ ခန့်ထားရမည်။

(ခ) ဆင့်စာလုလင်အဖြစ် ဆောင်ရွက်ရန်သတ်မှတ်ထားသည့် အရည်အချင်းနှင့် ပြည့်စုံခြင်းမရှိသူအား ဆင့်စာလုလင်အဖြစ် ခန့်ထားခြင်းမရှိစေရ။

**ထားရှိရမည့် မှတ်ပုံတင်စာရင်းစာအုပ်များ**

၉။ ဘီလစ်သည် တရားရေးဦးစီးမှူး၏ ကြီးကြပ်အုပ်ချုပ်မှုကို နာခံလျက် ပြည်ထောင်စုတရားလွှတ် တော်ချုပ်က သတ်မှတ်သည့်ပုံစံများ၊ ညွှန်ကြားချက်များနှင့်အညီ အမိန့်ဆင့်စာများကို ချအပ်အတည်ပြု ခြင်းနှင့်စပ်လျဉ်းသည့် မှတ်ပုံတင်စာရင်းစာအုပ်များကို ထားရှိရမည်။

**အမိန့်ဆင့်စာများ ချအပ်အတည်ပြုသည့်အတွက် ကောက်ခံထိုက်သည့်အခကြေးငွေ**

၁၀။ နည်းဥပဒေ ၁၁ တွင်ဖော်ပြပါရှိသည့် ကင်းလွတ်ချက်များကို အထောက်အထားပြု၍ အမိန့်ဆင့်စာ ထုတ်စေလိုသူထံမှသော်လည်းကောင်း၊ အမိန့်ဆင့်စာထုတ်လျှင် အကျိုးခံစားရမည့်သူထံမှသော်လည်း ကောင်း အမိန့်ဆင့်စာအသီးသီးအတွက် အောက်ပါနှုန်းထားများအတိုင်း အခကြေးငွေများကိုကောက်ခံ ရမည်-

| | | | | ကျပ် |
|---|---|---|---|---|
| (က) | ဆင့်စာ | (၁) | တရားခံတစ်ဦးလျှင် သို့မဟုတ် တရားပြိုင်တစ်ဦးလျှင် …………………………….…..... | ၃၀၀ |
| | | (၂) | သက်သေတစ်ဦးလျှင် ……………………………….. | ၂၀၀ |
| (ခ) | အယူခံမှုတွင် အယူခံတရားခံ သို့မဟုတ် အယူခံတရားပြိုင်သို့ ချအပ်ရန် နို့တစ်စာ …………………………………………………………..... | | | ၃၀၀ |
| (ဂ) | ဝရမ်းစာ | (၁) | လူဖမ်းဝရမ်းတွင် လူတစ်ဦးလျှင် …………………...... | ၆၀၀ |
| | | (၂) | ပစ္စည်းဖမ်းဝရမ်းတွင်- | |
| | | | (ကက) ဝရမ်းစာ သို့မဟုတ် တားမြစ်ချက် အမိန့်စာ တစ်စောင်လျှင် ……………………………………… | ၆၀၀ |
| | | | (ခခ) ဝရမ်းစွဲကပ်သည့်ပစ္စည်းကို စောင့်ကြပ် ကြည့်ရှုရသူအသီးသီးအတွက် | ၃၀၀ |

Myanmar Law Information System (MLIS)

စောင့်ထိန်းခတစ်နေ့လျှင် ..............................

(ဃ) အခြားအမိန့်ဆင့်စာ .............................................................. ၂၀၀

**အခကြေးငွေကောက်ခံခြင်းမပြုရသည့် အမိန့်ဆင့်စာများ**

၁၁။ (က) အောက်ပါအမိန့်ဆင့်စာများအတွက် အခကြေးငွေကောက်ခံခြင်းမရှိစေရ-

(၁) မှားယွင်းမှုကြောင့်သော်လည်းကောင်း၊ တရားလွှတ်တော်၏ ရွှေ့ဆိုင်းမှုကြောင့်သော်လည်းကောင်း ထုတ်ရသည့်အမိန့်ဆင့်စာ သို့မဟုတ် တစ်ဖန်ပြန်၍ ထုတ်ရသည့် အမိန့်ဆင့်စာ၊

(၂) တရားလွှတ်တော် အဆောက်အအုံ၌ဖြစ်စေ၊ အစိုးရရုံးဌာန၌ဖြစ်စေ စွဲကပ်သည့် အမိန့်ဆင့်စာ မူရင်း ခွဲ၊

(၃) ဝရမ်းခွာကြောင်း သို့မဟုတ် ရောင်းခြင်းကို ရွှေ့ဆိုင်းကြောင်း အကြောင်းကြားသည့် အမိန့်စာ၊

(၄) လူတစ်ဦးတစ်ယောက်ကို ချုပ်ထားရန်ဖြစ်စေ၊ အချုပ်မှလွှတ်ရန်ဖြစ်စေ အကျဉ်းထောင်တာဝန်ခံအ ရာရှိထံဆင့်ဆိုသည့် အမိန့်စာ၊

(၅) အခကြေးငွေမကောက်ခံရဟု ဖော်ပြပြီး တရားလွှတ်တော်က မိမိ အလိုအလျောက်ထုတ်သည့် အမိန့် ဆင့်စာ၊

(၆) တရားလွှတ်တော်၏ အခွင့်အာဏာကို မထိမဲ့မြင်ပြုသည့်စကားနှင့် အပြုအမူတစ်ရပ်ရပ်အတွက် အ ရေးယူရန်နှင့် အပြစ်ပေးရန်အလို့ငှာ တရားလွှတ်တော်က မိမိအလိုအလျောက်ထုတ်သည့် အမိန့်ဆင့်စာ။

(ခ) ပြစ်မှုမူလစီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံးရာတွင် တရားလွှတ်တော်သည် အောက်ပါ အမိန့်ဆင့်စာ များအတွက် အခကြေးငွေကောက်ခံခြင်းမရှိစေရ-

(၁) အရေးယူပိုင်သည့်အမှုတွင် ထုတ်သည့် အမိန့်ဆင့်စာ၊

(၂) မိမိအလိုအလျောက် ထုတ်သည့် အမိန့်ဆင့်စာ။

(ဂ) တရားမမူလစီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံးရာတွင် တရားလွှတ်တော်သည် အောက်ပါ အမိန့်ဆင့်စာ များအတွက် အခကြေးငွေကောက်ခံခြင်း မရှိစေရ-

(၁) တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂၃၊ ၂၅ သို့မဟုတ် ၂၈ အရ ပြန်ပို့သည့်အမှုများတွင် သော်လည်းကောင်း၊ အမိန့်၄၄၊ နည်းဥပဒေ ၂ အရ ပို့သည့်အမှုများတွင်သော်လည်းကောင်း တရားရုံးသို့ လာရောက်ရန် နေ့ရက်ချိန်းဆိုသတ်မှတ်သည့် နို့တစ်စာ၊

(၂) မူလအမိန့်ဆင့်စာအတွက် သတ်မှတ်သော အခကြေးငွေကို ကောက်ခံပြီးဖြစ်သည့်အခါ တရား မကျင့် ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၃၅၊ ၃၆၊ ၄၄၊ ၄၅၊ ၅၄၊ ၆၇ (၁) နှင့် ၉၆ များအရဖြစ်စေ၊ အမွေဆက်ခံ ခြင်းအက်ဥပဒေပုဒ်မ ၂၈၃ သို့မဟုတ် ပုဒ်မ ၃၇၃ အရ ဖြစ်စေ စွဲကပ်သည့် အမိန့်ဆင့်စာမူရင်းခွဲ။

၁၂။ နည်းဥပဒေ ၁၀ အရ ကောက်ခံရမည့် အမိန့်ဆင့်စာခနှုန်းထားနှင့် နည်းဥပဒေ ၁၁ အရ ကင်းလွတ် ခွင့်ပြုသည့် အမိန့်ဆင့်စာများစာရင်းတစ်စောင်ကို တရားလွှတ်တော်အဆောက်အအုံတွင် အများပြည်သူ တို့ဝင်ထွက်သွားလာနိုင်သည့် ထင်ရှားမြင်သာသောနေရာ၌ စွဲကပ်ထားရမည်။

Myanmar Law Information System (MLIS)

၁၃။ အမိန့်ဆင့်စာများ ချအပ်အတည်ပြုခြင်းနှင့်စပ်လျဉ်း၍ အရပ်ရပ်ကုန်ကျသည့် စာပို့ခများနှင့် အခြား အသေးသုံးစရိတ်များအတွက် အစိုးရက ထုတ်ပေးမည်ဖြစ်သည်။ ထို့ပြင်နည်းဥပဒေ ၁၀ အရ ပြဋ္ဌာန်း သတ်မှတ်သည့် အမိန့်ဆင့်စာခများအပြင် အခြားမည်သည့်အခကြေးငွေကိုမျှ အမိန့်ဆင့်စာ ထုတ်ပေးစေ လိုသူများထံမှသော်လည်းကောင်း၊ အမှုတစ်ခုခုတွင် တရားရုံးက အမိန့်ဆင့်စာခပေးရန် အမိန့်ချမှတ် ခြင်းခံရသော အခြားသူတစ်ဦးဦးထံမှသော်လည်းကောင်း ကောက်ခံခြင်းမရှိစေရ။

**ခြွင်းချက်**။ သို့ရာတွင် အမိန့်ဆင့်စာကို အမြန်ချောစာပို့ဖြင့် လျှောက်သူက ပေးပို့စေလိုသည့်အချက်တွင် အမိန့်ဆင့်စာခအပြင် အမြန်ချောစာပို့ခကို ကောက်ခံရမည်။

**အမိန့်ဆင့်စာခများကို ကောက်ခံရန်နည်းလမ်း**

၁၄။ အမိန့်ဆင့်စာထုတ်စေလိုသည့်သူထံမှဖြစ်စေ၊ တရားလွှတ်တော်၏ ဆင့်ဆိုချက်အရ ပေးဆောင်ရ မည့်သူထံမှဖြစ်စေ အမိန့်ဆင့်စာကို ချအပ် သို့မဟုတ် အတည်ပြုရန် ရေးသားခြင်းမပြုမီ အမိန့်ဆင့် စာခကို အရကောက်ခံရမည်။ ထိုသို့ ကောက်ခံရာတွင်-

(က) နည်းဥပဒေ ၁၀ (ဂ) (၂) (ခခ) အရ ပြဋ္ဌာန်းသည့် စောင့်ထိန်းခဖြစ်လျှင် ငွေသားဖြင့် ကောက်ခံရ မည်။

(ခ) အခြားအချက်တစ်ရပ်ရပ်တွင် ရုံးခွန်တံဆိပ်ခေါင်းများဖြင့် ကောက်ခံရမည်။ ထိုတံဆိပ်ခေါင်းများကို အမိန့်ဆင့်စာထုတ်ရန် လျှောက်ထားသည့် လျှောက်လွှာတွင်သော်လည်းကောင်း၊ အမိန့်ဆင့်စာကို ထုတ်ရန် ဆင့်ဆိုသည့်အမိန့်စာတွင် သော်လည်းကောင်း ကပ်ရမည်။

(ဂ) အမိန့်ဆင့်စာခများအတွက် ရုံးခွန်တံဆိပ်ခေါင်းများကို လက်ခံရရှိသည့်အခါ ရရှိကြောင်း ပြေစာပေး ရမည်။

**အထွေထွေ**

၁၅။ (က) ပြစ်မှုစီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံးရာ၌ တရားလွှတ်တော်ကထုတ်ဆင့်သည့် လူဖမ်းဝရမ်း စာများကို အတည်ပြုရန်အတွက် သာမန်အားဖြင့် ရဲစခန်းသို့ ပေးပို့ရမည်။

(ခ) မိမိတရားလွှတ်တော်၏ စီရင်ပိုင်ခွင့်ပြင်ပတွင် ချအပ် သို့မဟုတ် အတည်ပြုရမည့် အခြားအမိန့်ဆင့် စာအရပ်ရပ်နှင့်စပ်လျဉ်း၍ ထိုအမိန့်ဆင့်စာကို ချအပ် သို့မဟုတ် အတည်ပြုစေလိုသည့်မြို့နယ်ရှိ မြို့နယ် တရားရုံးသို့ ပေးပို့ရမည်။

၁၆။ အမိန့်ဆင့်စာကို ချအပ် သို့မဟုတ် အတည်ပြုရန် ဘီလစ်ထံသို့မပို့မီ ထိုအမိန့်ဆင့်စာပေါ်တွင် "အခငွေ ကျပ်.......... ပေးပြီး"၊ သို့မဟုတ် "နည်းဥပဒေ ၁၁(  ) အရ ကင်းလွတ်ခွင့်ပြုသည်" ဆိုသော စကားရပ်ကို ရေးသားရမည်။ ထိုသို့ ရေးရာ၌ နည်းဥပဒေ ၁၀ အရ ကောက်ခံသည့် အခကြေးငွေဖြစ်စေ၊ အမိန့်ဆင့်စာကို အခကြေးငွေကင်းလွတ်ခွင့်ပြုသည့် နည်းဥပဒေ ၁၁ ပါ အပိုဒ်နံပါတ်ဖြစ်စေ သက်ဆိုင် ရာကွက်လပ်တွင် ထည့်သွင်းရမည်။

၁၇။ အမိန့်ဆင့်စာကို ချအပ်ရန် အခြားတရားရုံးသို့ ပေးပို့သည့်အခါ သတ်မှတ်သည့် အခကြေးငွေ ကောက်ခံပြီးကြောင်း သို့မဟုတ် အမိန့်ဆင့်စာမှာ အခကြေးငွေကင်းလွတ်ခွင့်ပြုကြောင်းကို ထိုအ မိန့်ဆင့်စာပေါ်တွင် ရေးသားဖော်ပြ၍ ပေးပို့ရမည်။ ဖော်ပြပါ အမိန့်ဆင့်စာကို ရရှိသည့် တရားရုံးသည် နောက်ထပ်အခကြေးငွေမယူဘဲ အမိန့်ဆင့်စာ ချအပ်ခွင့်ရှိသည်။

Myanmar Law Information System (MLIS)

၁၈။ ၁၉၄၀ ခုနှစ်၊ နိုဝင်ဘာလ ၂၅ နေ့စွဲပါ တရားရေးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၃၁၆ ဖြင့် ထုတ် ပြန်ထားသည့် High Court Process Fees Rules ကို ဤနည်းဥပဒေများဖြင့် ရုပ်သိမ်းလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

Myanmar Law Information System (MLIS)